# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 13 , 2022 Volume 59, Number 8


**၁၃.၁၀.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၇၁ US$ |
| မြန်မာ့ရွှေဈေး | = ၂၅၀၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၃၀၀၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၄၃.၅ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၆၅.၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၃၄၃.၄ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၂၀.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၂.၂၀ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၀၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၈၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၇.၆၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၅.၄၆၀ ကျပ် |

Source: CBM Rate, etrademyanmar.com

## မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းမှ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၁၂ ရက်ကပြုလုပ်သည့် မြန်မာအထူးစီးပွားရေးဇုန်ဗဟိုအစည်းအဝေးတွင် တက်ရောက်အမှာစကားပြောကြား

မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ အစည်းအဝေး (၁/၂၀၂၂) ကို ၁၂-၁၀-၂၀၂၂ ရက်နေ့ မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာအထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးစိုးဝင်းမှ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ဗဟိုအဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ သီလဝါ၊ ကျောက်ဖြူနှင့် ထားဝယ် အထူးစီးပွားရေးဇုန်တို့မှ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရခိုင်ပြည်နယ်စီးပွားရေးရာဝန်ကြီးဌာနနှင့် တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**Source:** https://www.commerce.gov.mm/my/article/%E1%80%9D%E1%80%94%E1%80%94%E1%80%BA%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94%E1%80%94


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ကလောမြို့နယ်မှ လိမ္မော်သီး စတင်ထွက်ရှိချိန်တွင် ဈေးကောင်းရပြီး နယ်စုံသို့ တင်ပို့ရောင်းချလျက်ရှိ

ရှမ်းပြည်နယ်(တောင်ပိုင်း) ကလောမြို့နယ်မှ လိမ္မော်သီးများ စတင်ထွက်ရှိချိန်တွင် ဈေးကောင်းရပြီး ရန်ကုန်အပါအဝင် နယ်စုံသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း လိမ္မော်သီးစိုက်ပျိုး ရောင်းချသူများ၏ ပြောပြချက်အရသိရသည်။ လတ်တလောတွင် ကလောမြို့နယ်အပါအဝင် ယင်းဒေသအနီးတစ်ဝိုက်မှ လိမ္မော်သီးများ စတင်ထွက်ရှိနေပြီး အရွယ်အစားပေါ်မူတည်၍ တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀ မှ ၃၅၀၀ အထိ ဈေးနှုန်းရရှိနေကြောင်း သိရသည်။

"လိမ္မော်သီးက အခုမှ စထွက်တာဖြစ်လို့ ဈေးကောင်းရနေပါတယ်။ ဈေးနှုန်းတွေက အမျိုးမျိုးရှိပါတယ်။ အမှာရှိတဲ့အတိုင်း ရန်ကုန်အပါအဝင် နယ်စုံကိုတင်ပို့ပေးနေပါတယ်။ လိမ္မော်သီးက နွေမိုးဆောင်းရာသီ အလိုက်နှစ်ကြိမ်ကနေ သုံးကြိမ်အထိ ဆွတ်ခူးရပါတယ်။ တစ်ပိဿာကို အကြီးဆုံးက ခြောက်လုံး၊ ခုနစ်လုံး

လောက်ရှိ တယ်။ အလတ်က ကိုးလုံးလောက်နဲ့ အသေးကတော့ ၁၂ လုံး၊ ၁၃ လုံးလောက်ရှိပါတယ်။ လိမ္မော်ပင်က နှစ်ရှည်ပင် လည်းဖြစ်တယ်။ စိုက်ပျိုးတဲ့ မျိုး၊ မြေ၊ ရာသီဥတုနဲ့ အပင်ပြုစုမှုပေါ် မူတည်ပြီး အထွက်နှုန်းက ကွာခြားပါတယ်” ဟု ကလောမြို့နယ်မှ လိမ္မော်သီး စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ဒေါ်နှင်းဖြူက ပြောသည်။

ပြီးခဲ့သည့်နှစ်က အသီးဈေးကွက်အေးခဲ့ရာ လိမ္မော်သီး တစ်ပိဿာလျှင် ငွေကျပ် ၅၀၀ မှ ၁၀၀၀ ဝန်းကျင်အထိသာ ရရှိခဲ့သော်လည်း ယခုနှစ်တွင် ဈေးကောင်းရနေကြောင်း သိရသည်။ လိမ္မော်သီးသည် မျိုးပေါ်မူတည်၍ စိုက်ပျိုးပြီး လေးနှစ်သို့မဟုတ် ငါးနှစ်မှစတင်ကာ အသီးထွက်ရှိပြီး အပင်သက်တမ်းမှာ နှစ် ၂၀ မှ ၂၅ နှစ်အထိ ရှိနိုင်ကြောင်း၊ ထို့ပြင် အပင်ပြုစုမှုနှင့် စိုက်ပျိုးသည့်မျိုးပေါ် မူတည်၍ အထွက်နှုန်းကွာခြားနိုင်ကြောင်း သိရသည်။

ယင်းအပြင် တစ်ပင်ချင်း ဆွတ်ခူးရမည်ဆိုပါက လေးနှစ်မှ ငါးနှစ်အတွင်း တစ်ပင်လျှင် အသီး ၄၀ မှ ၄၅ လုံးအထိ ရရှိနိုင်ပြီး အသီးအထွက်နှုန်းမှာ ရှစ်နှစ်ခန့်အကြာတွင် အပင်တစ်ပင်လျှင် အသီး ၄၅၀ မှ ၅၀၀ အထိ ထွက်ရှိနိုင်ကြောင်း သိရသည်။

**Source:** https://www.myawady.net.mm/node/31302

## တရုတ်သွင်းကုန်ပို့ကုန် ပန်းသီးများ ဈေးမြင့်တက်


https://www.foodindustrydirectory.com.mm

တရုတ်နိုင်ငံမှ တင်ပို့သော ပန်းသီးများနှင့် တင်သွင်းသော ပန်းသီးများ နှစ်မျိုးစလုံး ယခင်နှစ်ထက် ယခုနှစ်တွင် ဈေးနှုန်းများ မြင့်တက်သည်။ တရုတ်နိုင်ငံသည် ပန်းသီးများ အမြောက်အမြား ထုတ်လုပ်သည်။ ပြည်ပမှလည်း တင်သွင်း သည်။ သို့သော် ကုန်သွယ်ရေး ပိုငွေပြသည်အထိ တင်ပို့သည့်တန်ဖိုးပမာဏက တင်သွင်းသည့်တန်ဖိုး ပမာဏထက် ပိုမိုများပြားသည်။

ပြည်ပမှ တင်သွင်းသော အရည်အသွေး အထက်တန်းစား ပန်းသီးများကို ရှန်ဟိုင်းနှင့် ကွမ်တုန်းတို့တွင်သာ အဓိကအားဖြင့် စားသုံးကြသည်။ ပြည်ပသို့တင်ပို့သည့် ပန်းသီးများကို ယူနန်ပြည်နယ်နှင့် ရှန်တုန်း ပြည်နယ်တို့တွင် စိုက်ပျိုးထုတ်လုပ်သည်။ တရုတ်နိုင်ငံ အကောက်ခွန် အထွေထွေအုပ်ချုပ်ရေးမှူးရုံး၏ အချက်အလက်များအရ ပြီးခဲ့သည့် ၅နှစ်တာ (၂၀၁၇-၂၀၂၁) တွင် ပန်းသီးများကို နယူးဇီလန်၊ ချီလီ၊ အမေရိကန်၊ တောင်အာဖရိကနှင့် ပြင်သစ်တို့ထံမှ အဓိကအားဖြင့် တင်သွင်းသည်။

ပန်းသီးကို နိုင်ငံအများအပြားသို့ တင်ပို့သည်။ အဓိကအားဖြင့် တင်ပို့သည့် နိုင်ငံများမှာ ဘင်္ဂလားဒေ့ရှ်၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ်၊ ထိုင်း၊ နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့ ဖြစ်သည်။ ပြီးခဲ့သည့် ၅ နှစ်တာ အတွင်း ပြည်ပမှတင်သွင်းသည့် ပန်းသီးများ စားသုံးမှုအများဆုံး နေရာများမှာ-

ကွမ်တုန်း (249,000 tons)

ရှန်ဟိုင်း (81,000 tons)

ကျဲ့ကျန်း (45,000 tons)

လျောင်းနင် (19,000 tons) တို့ဖြစ်သည်။

ကျန်ပြည်နယ်များအားလုံး ပြည်ပမှတင်သွင်းသည့် ပန်းသီးများ စားသုံးမှု ပမာဏ ၅ နှစ်တာအတွက် စုစုပေါင်း ပမာဏသည် 3,000 tons အောက်တွင်သာ ရှိသည်။ ပြည်ပသို့ တင်ပို့သည် ပန်းသီး ပျမ်းမျှဈေးနှုန်းမှာ တစ်ကီလိုဂရမ် ၁.၄၀ အမေရိကန်ဒေါ်လာဖြစ်ပြီး ပြည်ပမှ တင်သွင်းသည့် ပျမ်းမျှဈေးနှုန်းမှာ တစ်ကီလိုဂရမ် ၂.၃၃ အမေရိကန်ဒေါ်လာ ဖြစ်သည်။ ဈေးကွာရသည်မှာ အရည်အသွေး သိသိသာသာ ကွာခြားနေသောကြောင့်ဖြစ်သည်။ တင်သွင်းသည့် ပန်းသီးများ၏ အရည်အသွေးများသည် အထက်တန်းစား အရည်အသွေးများဖြစ်ပြီး တင်ပို့သည့် ပန်းသီးများ၏ အရည်အသွေးမှာ သာမန် အရည်အသွေးမျှသာ ဖြစ်သည်။

**Source : freshplaza**

https://www.foodindustrydirectory.com.mm/food-industry/cuisine/chinese/item/5125-chinese-apple.html

## အိန္ဒိယနိုင်ငံသို့ နို့၊ ဝက်သား၊ ငါးနှင့် ၎င်းတို့၏ ထုတ်ကုန်ပစ္စည်းများ တင်သွင်းရာတွင် ပေါင်းစပ်သက်သေခံလက်မှတ် တစ်စောင်တည်းတင်ပြခြင်းကို လက်ခံမည်ဖြစ်ကြောင်း

https://myantrade.gov.mm

အိန္ဒိယနိုင်ငံ၊ အစားအစာဘေးကင်းရေးနှင့် စံချိန်စံညွှန်းအာဏာပိုင်အဖွဲ့ FSSAI မှ အိန္ဒိယနိုင်ငံအတွင်းသို့ စားသောက်ကုန်ပစ္စည်းများ တင်သွင်းရာတွင် တင်ပြရမည့် ကျန်းမာရေးသက်သေခံလက်မှတ် (Health Certificate) လိုအပ်ချက်နှင့် ပတ်သက်၍ ရှင်းလင်းချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့သည်။

FSSAI မှ ထုတ်ပြန်သည့် အဆိုပါရှင်းလင်းချက်တွင် ကုန်ပစ္စည်းတင်ပို့သည့် နိုင်ငံများ၏ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများမှ နို့နှင့်နို့ထွက်ပစ္စည်းများ၊ ဝက်သားနှင့် ဝက်သားနှင့် ဆက်စပ်ထုတ်ကုန်ပစ္စည်းများနှင့် ငါးနှင့်ငါးဆက်စပ် ထုတ်ကုန်ပစ္စည်းများအတွက် Sanitaryand Veterinary Certificate သက်သေခံလက်မှတ်များ ထုတ်ပေးထားပြီး ဖြစ်မည်ဖြစ်ကြောင်း၊ သို့ရာတွင် အိန္ဒိယနိုင်ငံသို့ ရောက်ရှိ၍ သွင်းကုန်ရှင်းလင်းရေး (Import Clearance) လုပ်ဆောင်သည့်အခါတွင် အဆိုပါကုန်ပစ္စည်းသုံးမျိုးနှင့် ဆက်စပ်ထုတ်ကုန်ပစ္စည်းများအတွက် ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်ထားပြီးဖြစ်သည်။ ပုံစံ၌ အစားအစာဘေးကင်းရေးနှင့် သက်ဆိုင်သည့် လိုအပ်သည့် အချက်အလက်များအားလုံး ထည့်သွင်းရေးသားထားသည့် ပေါင်းစပ်သက်သေခံလက်မှတ် တစ်စောင်တည်းတင်သွင်းခြင်းကို လက်ခံမည်ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ ထုတ်ပြန်ချက်သည် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့မှစ၍ အသက်ဝင်မည်ဖြစ်ပါသည်။

**Source: www.fssai.gov.in**

https://myantrade.gov.mm/article/%E1%80%A1%E1%80%AD%E1%80%94%E1%80%B9%E1%80%92%E1%80%AD%E1%80%9A%E1%80%94%E1%80%AD%E1%80%AF%E1%80%84%E1%80%BA%E1%80%84%E1

## ThaiBev က လုပ်ငန်းတိုးချဲ့ရန် ဘတ် ၈ ဘီလီယံအထိ သုံးစွဲသွားမည်



https://www.foodindustrydirectory.com.mm

စင်ကာပူ စတော့အိပ်ချိန်းစာရင်းဝင် အစားအသောက်နှင့် အဖျော်ယမကာ ကုမ္ပဏီဖြစ်ပြီး မြန်မာနိုင်ငံတွင် Grand Royal ကို လုပ်ကိုင်လျက်ရှိသည့် Thai Beverage (ThaiBev) သည် ၎င်း၏လုပ်ငန်းများကို လာမည့်နှစ်တွင် တိုးချဲ့ရန်အတွက် ထိုင်းဘတ်ငွေ ၅ ဘီလီယံမှ ၈ ဘီလီယံအထိ သုံးစွဲသွားရန် လျာထားပြီး အဓိကအားဖြင့် ထိုင်းနိုင်ငံတွင် တိုးချဲ့မည် ဖြစ်သည်။

အစားအသောက်လုပ်ငန်းအတွက် ဘတ် ၁.၁ ဘီလီယံ၊ အရက်အတွက် ဘတ် သန်း ၆၀၀-၈၀၀ ၊ အရက်မဟုတ်သော အဖျော်ယမကာအတွက် ဘတ် သန်း ၃၀၀-၄၀၀ သုံးစွဲမည် ဖြစ်သည်။ ကျန်သည့် ဘတ်ဂျက်ကို ဒစ်ဂျစ်တယ် ပလက်ဖောင်း၊ လော့ဂျစ္စတစ် အခြေခံအဆောက်အအုံ၊ ကျန်းမာကြံ့ခိုင်ရေး၊ ထုတ်ကုန်ဆန်းသစ်မှု စသည့် ကဏ္ဍများတွင် သုံးစွဲသွားမည် ဖြစ်သည်။ အစားအသောက်လုပ်ငန်းကဏ္ဍတွင် လာမည့်နှစ်တွင် KFC ၃၅ ဆိုင် အပါအဝင် စားသောက်ဆိုင်အသစ် ၇၀ ခု ဖွင့်လှစ်မည်ဖြစ်သည်။

"ရင်းနှီးမြှုပ်နှံမှုအသစ်တွေက ကိုဗစ်မတိုင်ခင်ကာလတုန်းကလို ကြီးကြီးမားမား မဟုတ်ဘူး။ တည်ရှိပြီးသား လုပ်ငန်းတွေကို အာရုံစိုက်သွားမယ်" ဟု လုပ်ငန်းစု ဥက္ကဋ္ဌ Thapana Sirivadhanabhakdi က ပြောကြားသည်။ အာဆီယံသည် လုပ်ငန်းစု၏ အခရာကျသည့် ဈေးကွက်အဖြစ် ဆက်ရှိနေမည်ဖြစ်ပြီး အရက်မဟုတ်သော အဖျော်ယမကာ လုပ်ငန်းကဏ္ဍအတွက် အလားအလာကောင်းများ ရှိနေသည်ဟု သူကဆိုသည်။ အရက်ယာမကာလုပ်ငန်းကဏ္ဍထက်လည်း ပိုကြီးမားကျယ်ပြန့်ကြောင်း Mr Thapana က ပြောကြားသည်။ ဖိလစ်ပိုင်တွင် အရက်မဟုတ်သော အဖျော်ယမကာ ဈေးကွက်သည် စုစုပေါင်း ယမကာဈေးကွက်၏ ၅၀% ရှိသည်။ အင်ဒိုနီးရှားတွင် ၈၇% ရှိသည်။ ထိုင်းတွင် ၄၉% ရှိသည်။

Mr Thapana က ၂၀၂၂ ပထမ ဖြလတာအတွင်း ThaiBev ရောင်းအား ဘတ် ၂၀၈ ဘီလီယံ ရရှိခဲ့ကြောင်း ပြောကြား

ပါသည်။ ThaiBev ၏ အဓိက ဈေးကွက်ဖြစ်သော ထိုင်းနှင့် ဗီယက်နမ်တို့တွင် ကိုဗစ်တားမြစ်ချက်များ ရုပ်သိမ်းခြင်း၊ ဆိုင်ထိုင်စားသောက်ခြင်းကို ခွင့်ပြုခြင်းတို့ကြောင့် ရောင်းအားပြန်ကောင်းလာစေခဲ့သည်။ အရက်အဖြူနှင့် အညို နှစ်မျိုးစလုံး ရောင်းအားပြန်ကောင်းလာသည်။

မြန်မာနိုင်ငံတွင် အခက်အခဲများ ရင်ဆိုင်နေရသည်မှာ ၂ နှစ် ရှိပြီဖြစ်သော်လည်း မြန်မာအခြေပြု Grand Royal Group သည် စွမ်းဆောင်ရည် ခိုင်မာနေဆဲ ဖြစ်သည်။ နံပါတ်(၁) ဝီစကီအဖြစ် ဆက်ရှိနေသဖြင့် ဝင်ငွေကောင်းကြောင်း Mr Prapakon က ပြောကြားသည်။ ထိုင်းဈေးကွက်တွင် အရက် အဖြူ Ruang Khao သည် ရောင်းအားအကောင်းဆုံး နံပါတ်(၁) နေရာတွင် ဆက်ရှိနေပြီး အရက် အညို Hong Thong သည်လည်း အရောင်းရဆုံး ဆက်ဖြစ်နေဆဲ ဖြစ်သည်။ SangSom ရမ်အရက်လည်း ရောင်းအားတက်လာသည်။ ၂၀၂၂ ပထမ ၉ လတာအတွင်း ဘီယာရောင်းအား ဘတ် ၉၂.၆ ဘီလီယံ ရရှိခဲ့ကြောင်းလည်း ၎င်းက ပြောကြားသည်။

**Source: Bangkokpost**

https://www.foodindustrydirectory.com.mm/food-industry/restaurant/item/5120-thaibev.html

## စစ်တွေမှဘင်္ဂလားဒေ့ရှ်သို့ ငါးမြစ်ချင်းတင်ပို့မှု လေးနှစ်အတွင်း စံချိန်တင်မြင့်တက်

မြန်မာနိုင်ငံနှင့် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံအကြား ကုန်သွယ်မှုမြှင့်တင်ရန်ရည်ရွယ်၍ စစ်တွေကုန်သွယ်ရေးစခန်းနှင့် မောင်တောကုန်သွယ်ရေးစခန်းတို့ကို ဖွင့်လှစ်၍ ကုန်သွယ်မှုလုပ်ငန်းများ လွယ်ကူ လျင်မြန်ချောမွေ့စေရေး ဆောင်ရွက်ပေးလျက်ရှိသည့်အတွက် နှစ်နိုင်ငံအကြား ကုန်သွယ်မှု ပမာဏ နှစ်စဉ်မြင့်တက်လျက်ရှိသည်။ ထို့ပြင် အဆိုပါ ကုန်သွယ်ရေးစခန်း နှစ်ခုမှတစ်ဆင့် တစ်ဖက်နိုင်ငံသို့ ကုန်သွယ်မှုပြုလုပ်ရာတွင်လည်း ပို့ကုန်တင်ပို့မှုသည် သွင်းကုန်တင်သွင်းမှု ပမာဏထက် နှစ်စဉ်မြင့်မားလျက်ရှိသည်။



Source: မြန်မာ့အလင်းသတင်းစာ

မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်သို့ နယ်စပ်မှတစ်ဆင့် လယ်ယာထွက်ပစ္စည်း၊ ရေထွက်ပစ္စည်းနှင့် စက်မှုကုန်ချောပစ္စည်းများ အဓိကအားဖြင့် တင်ပို့လျက်ရှိရာ ၂၀၂၁ အောက်တိုဘာလမှ ၂၀၂၂ စက်တင်ဘာလ အထိ တစ်နှစ်တာ (၂၀၂၁-၂၀၂၂ Mini Budget + ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပထမခြောက်လ) ကာလအတွင်း ရေထွက်ပစ္စည်းတစ်မျိုးဖြစ်သည့် ငါးမြစ်ချင်းတင်ပို့မှုသည် တန်ချိန် ၆၄၈၈ တန်အထိ ရောက်ရှိခဲ့ရာ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်က တင်ပို့နိုင်ခဲ့သည့် စံချိန်တင် တင်ပို့မှုပမာဏဖြစ်သည့် တန်ချိန် ၆၃၇၀ ဒသမ ၆၈ တန် ထက် ကျော်လွန်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

**Source:** မြန်မာ့အလင်းသတင်းစာ

## စားသုံးရန်မသင့်သော Mie Sedaap အမှတ်တံဆိပ်ပါ အစားအသောက် (၆) မျိုး FDA အသိပေးကြေညာ




https://www.foodindustrydirectory.com.mm

Singapore Food Agency ၏ (၁၁-၁၀-၂၀၂၂) ကြေညာချက်အရ အင်ဒိုနီးရှားနိုင်ငံထုတ် Mie Sedaap အမှတ်တံဆိပ်ပါ အစားအသောက် (၆) မျိုးအနက် ယှဉ်တွဲပါ သက်တမ်းကုန်ရက်စွဲရှိ အမျိုးအမည်များတွင် Ethylene oxide သတ်မှတ်ပမာဏထက်ပိုမိုပါဝင်နေ၍ ဈေးကွက်အတွင်းမှပြန်လည် သိမ်းဆည်းလျက်ရှိ ကြောင်း သိရှိရပါသည်။ Ethylene oxide သည် အစားအသောက်တွင် သုံးခွင့်မရှိသည့် ပိုးသတ်ဆေးတစ်မျိုးဖြစ်ပြီး အဏုဇီဝပိုးကူးစက်ပျံ့နှံ့မှုအား တားဆီးနိုင်ရန်အတွက် စိုက်ပျိုးရေး ထွက်ကုန်များကို မီးခိုးမှိုင်းတိုက်ရာတွင် အသုံးပြုလေ့ရှိသည်။ အစားအ သောက်စက်ရုံများသည် Ethylene oxide အား ဟင်းခတ်အမွှေးအကြိုင် များကို ပိုးသန့်စင်ရာ၌ အသုံးပြုလေ့ရှိကြသည်။

အစားအသောက်တွင် Ethylene oxide ပါဝင်မှုအား Singapore နိုင်ငံတွင် Maximum residue limits (MRL) of ethylene oxide 50mg/kg (50ppm) ထက် ပိုမများစေရန် သတ်မှတ်ထားပြီး European Union တွင် Maximum residue

limits(MRL) of ethylene oxide 0.1mg/kg ထက် ပိုမများစေရန် သတ်မှတ်ထားပါသည်။ Ethylene oxide ပမာဏအနည်းငယ် စားသုံးမိခြင်းဖြင့် ချက်ခြင်းအန္တရာယ် မဖြစ်နိုင်သော်လည်း ရေရှည်စားသုံးမိပါက ကျန်းမာရေးထိခိုက်မှုများဖြစ်စေနိုင်ပါကြောင်း ကျန်းမာရေးဝန်ကြီးဌာန၊ အစားအသောက်နှင့် ဆေးဝါးကွပ် ကဲရေးဦးစီးဌာန FDA မှ အသိပေးကြေညာထားသည်ကို ဖော်ပြအပ်ပါသည်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-health/item/5127-mie-sedaap.html

## ဘရာဇီးနိုင်ငံအခြေစိုက် Sunamerica Company သည် မြန်မာနိုင်ငံ၏ကားတာယာများ ဝယ်ယူရန်ကမ်းလှမ်း

ဘရာဇီးနိုင်ငံ၊ ဆော်ပိုလိုမြို့အခြေစိုက် Sunamerica ကုမ္ပဏီသည် မြန်မာနိုင်ငံမှ ထုတ်လုပ် သည့် ကားတာယာများကို ဝယ်ယူတင်သွင်းလိုပါကြောင်း ကမ်းလှမ်းလာသည်။ မြန်မာနိုင်ငံ ဈေးကွက်အတွင်းရရှိနိုင်မည့် ကားတာယာများ၊ အထူးသဖြင့် အချင်းဝက် ၁၃ လက်မ၊ ၁၄ လက်မ နှင့် ထရပ်ကားတာယာများကို ဝယ်ယူရန်စိတ်ဝင်စားကြောင်း ပြောကြားလာသည်။



Source: Commercial News

အဆိုပါကုမ္ပဏီသည် The National Institute of Metrology Quality and Technology အသိအမှတ်ပြု လက်မှတ်ရရှိထားပြီး သီရိလင်္ကာ၊ တရုတ်၊ ပါကစ္စတန်နိုင်ငံတို့မှ မော်တော်ဆိုင်ကယ်နှင့် စက်ဘီးတာယာများ ဝယ်ယူတင်သွင်းလျက်ရှိကြောင်း၊ မြန်မာနိုင်ငံရှိ တာယာထုတ်လုပ်သည့် စက်ရုံများ အနေဖြင့် ဘရာဇီးနိုင်ငံသို့ တာယာတင်ပို့လိုပါက ပူးပေါင်းဆောင်ရွက်နိုင်ပါကြောင်း အဆိုပြု ကမ်းလှမ်းလာခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ စိတ်ဝင်စားသည့် ကုမ္ပဏီများအနေဖြင့် တာယာများတင်ပို့ ရောင်းချလိုပါက မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ကုန်သွယ်မှုဖွံ့ဖြိုးရေးဌာနခွဲ၊ ဖုန်း၀၆၇-၃၄၀၈၆၂၂၊ ၀၆၇- ၃၄၀၈၆၂၃သို့ ချိတ်ဆက်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။

**Source: Commercial News**

## ဘင်္ဂလားဒေ့ရှ်တွင် ဈေးကွက်ရရှိနေသော မြန်မာ့အုန်းသီး



https://www.commerce.gov.mm

မောင်တောကုန်သွယ်ရေးစခန်း၏ ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ တင်ပို့သော ပို့ကုန်အမယ်များထဲတွင် အုန်းသီးသည်လည်း တစ်ခုအပါအဝင်ဖြစ်သည်။ ရခိုင်ပြည်နယ် တောင်ပိုင်းမြို့များ၊ မြန်မာပြည်မြစ်ဝကျွန်းပေါ်နှင့် ကမ်းရိုးတန်းတစ်လျှောက်တွင် အမြောက်အများ စိုက်ပျိုးဖြစ်ထွန်းသည်။ အနည်းဆုံးအပူချိန် (၂၇) ဒီဂရီစင်တီဂရိတ်၊ မိုးရေချိန် (၃၀) လက်မမှ (၇၀) လက်မတွင် စိုက်ပျိုးနိုင်ပြီး သက်တမ်းအလိုက် အမြင့်မျိုး၊ အပုမျိုးနှင့် လိမ္မော်ရောင်မျိုးဟူ၍ (၃) မျိုးခွဲခြားထားသည်။ အုန်းပင်အမြင့်မျိုးမှာ အုန်းထရံ၊ အပုမျိုးမှာ ဝက်မလွတ်၊ လိမ္မော်ရောင်မျိုးမှာ တော်ဝင်အုန်းဟု ခေါ်ဆိုကြသည်။ အမြင့်မျိုးမှာ (၇) နှစ်မှ (၁၀) နှစ်၊ အပုမျိုးမှာ (၃) နှစ် မှ (၅) နှစ်၊ လိမ္မော်ရောင်မျိုးမှာ (၅) နှစ် မှ (၇) နှစ်အတွင်းတွင် စတင်သီးပြီး တစ်နှစ်လျှင် အပင်တစ်ပင်တွင် အလုံး (၁၀၀)ခန့်၊ (၁) ဧက ပျှမ်းမျှအပင် (၅၀)တွင် အလုံး (၅၀၀၀)ခန့် သီးကြောင်း သိရှိရသည်။

အုန်းသီးတွင် အစာခြေနိုင်စွမ်းမြင့်မားစေခြင်း၊ ကိုလက်စထရောကို ကျဆင်းစေခြင်း၊ အရေပြားတွန့်ခြင်းကို ကာကွယ်ပေးနိုင်ခြင်း၊ သွေးအတွင်းသကြားဓါတ်ကို ထိန်းညှိပေးခြင်း၊ ဗိုင်းရပ်(စ်)ပိုးများကို ကာကွယ်တိုက်ဖျက်ပေးခြင်း၊ ဆဲလ်အသစ်များ တိုးပွားစေခြင်း၊ ဟိုမုန်းထိန်းချုပ်ပေးခြင်း၊ ကိုယ်အလေးချိန် လျှော့ချပေးနိုင်ခြင်း၊ အာဟာရဓါတ်နှင့် အောက်ဆီဂျင်ကို ဆဲလ်များအတွင်း ပို့ဆောင်ပေးနိုင်ခြင်း၊ ဇီဝရုပ်ဖြစ်ပျက်ခြင်းကို တိုးတက်စေခြင်း၊ ရောဂါများကို ခုခံကာကွယ်ပေးခြင်း၊ မှတ်ဉာဏ်ချို့ယွင်းမှုကို ကာကွယ်ပေးခြင်း၊ ဘက်တီးရီးယားများကို သေစေနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ပေးနိုင်သည့်အပြင် အုန်းသီးစိမ်းတစ်လုံးတွင် အရည်ပမာဏ (၂၀၀) မီလီလီတာမှ (၁၀၀၀) မီလီလီတာအထိ ပါဝင်ပါတယ်။ အုန်းရည်သည် အရသာရှိပြီး၊ ကယ်လိုရီဓါတ်ပါဝင်မှု ဓါတ်တိုး ဆန့်ကျင်ပစ္စည်းများ ပါဝင်ခြင်းကြောင့် ကိုယ်ခန္ဓာအားစနစ်ကို တိုးမြှင့်စေခြင်း

စသည့် အကျိုးကျေးဇူးများစွာရှိသည့်အတွက် အုန်းသီးကို လူမျိုးဘာသာမရွေး၊ နေရာဒေသအသီးသီး၌ ကြိုက်နှစ်သက်ရာ မုန့်မျိုးစုံနှင့် ဟင်းအမယ်များတွင်ထည့်၍လည်း စားသုံးတတ်ကြရာ ဒေသတွင်းရောင်းချမှုများရှိသကဲ့သို့ စီးပွားဖြစ်ဝယ်ယူစုဆောင်းပြီး ပြည်ပဈေးကွက်သို့ ထိုးဖောက်ရောင်းချနိုင်ခဲ့သဖြင့် ရန်ကုန်တိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ရှိ မာန်အောင်၊ ကျောက်ဖြူ၊ သံတွဲတို့မှ ထွက်ရှိသော အုန်းသီးများအား ဘင်္ဂလားဒေ့ရှ်ဈေးကွက်သို့ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ရောင်းချနိုင်ခဲ့သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်(ဧပြီလမှ စက်တင်ဘာလအထိ) မောင်တောကုန်သွယ်ရေးစခန်းမှ အုန်းသီးတန်ချိန် (၃၁၉) တန်၊ တန်ဖိုး (၀.၁၂၈) ဒေါ်လာသန်း တင်ပို့နိုင်ခဲ့သည်။ ကျန်းမာရေးအတွက်များစွာ အထောက်အကူပြုသကဲ့သို့ ဘာသာရေးပွဲတော်များအတွက် အသုံးပြုသည့် ကုန်ပစ္စည်းဖြစ်သဖြင့် တစ်ဖက်နိုင်ငံ ဘင်္ဂလားဒေ့ရှ်ဈေးကွက်တွင် ဝယ်လိုအားလိုအပ်လျက်ရှိကြောင်း သတင်းရရှိသည်။

**Source:** https://www.commerce.gov.mm/en/article/update-news-international-trade

## STOCK EXCHANGE (13.10.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 13th Oct. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,500 | -100 | -1.04% | 9,600 | 9,600 | 9,500 | 1,176 | 11,189,600 | 33,109,694 | 314,542 |
| MTSH | 00002 | 3,550 | +0 | +0.00% | 3,550 | 3,550 | 3,500 | 9,540 | 33,434,450 | 38,929,150 | 138,198 |
| MCB | 00003 | 7,900 | +100 | +1.28% | 7,900 | 7,900 | 7,900 | 141 | 1,113,900 | 10,400,986 | 82,168 |
| FPB | 00004 | 21,000 | +0 | +0.00% | 21,000 | 21,000 | 20,500 | 53 | 1,112,000 | 2,472,053 | 51,913 |
| TMH | 00005 | 2,750 | -50 | -1.79% | 2,750 | 2,750 | 2,750 | 148 | 407,000 | 12,823,224 | 35,264 |
| EFR | 00006 | 2,750 | +0 | +0.00% | 2,750 | 2,750 | 2,750 | 165 | 453,750 | 19,977,223 | 54,937 |
| AMATA | 00007 | 5,100 | +100 | +2.00% | 5,100 | 5,100 | 5,000 | 745 | 3,797,500 | 10,497,598 | 53,538 |


### Market summary

As of 13th Oct. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 419.95 | -1.08 | -0.26% | 422.23 | 422.23 | 418.13 | 11,968 | 51,508,200 | 7 | 730,560 |

**Index chart**



# Market Overview

## Main Board

As of 1:00 pm, 13th Oct. 2022

| MYANPIX | 419.95 ▼ 1.08 |
|---|---|
| Total Volume (shares) | 11,968 |
| Total Value (MMK) | 52 mil |
| Listed Company | 7 |
| Market Cap. (MMK) | 730,560 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,500 | ▼ 100 |
| MTSH | 00002 | 3,550 | ▲ 0 |
| MCB | 00003 | 7,900 | ▲ 100 |
| FPB | 00004 | 21,000 | ▲ 0 |
| TMH | 00005 | 2,750 | ▼ 50 |
| EFR | 00006 | 2,750 | ▲ 0 |
| AMATA | 00007 | 5,100 | ▲ 100 |

TIR